လွန်းထားထား
ဆေးတက္ကသိုလ်

# ရူးအောင်ချစ်မယ့်လူ



## အချစ်ရဲ့ စာမျက်နှာအစ

ကျွန်တော့်အတွက်တော့ အချစ်သည်

နုနယ်ပျိုမျစ်ကာ အစွန်းအထင်း တစ်စုံရာ မရှိ

သန့်စင်ဖြူလွသော အပြစ်ကင်းစင်သည့်

မျက်နှာကလေး တစ်ခုပေါ်တွင်

စတင်၍ မြစ်ဖျားခံခဲ့၏။

"ပြာလွင်"

## အခန်း ( ၁ )

Duplex တိုက်ခန်းတွဲကလေး ဖြစ်သောကြောင့် တစ်ဖက်ခြံထဲကို နီးကပ်စွာ အတိုင်းသား လှမ်းမြင်နေရလေသည် ။ တိုက်ကလေးက နှစ်ထပ်ဖြစ်ပြီး ရှေ့မျက်နှာစာတွင် မြေပိုက ပေနှစ်ဆယ်ကျော်ခန့် ကျန်သေးသည် ဖြစ်ရာ တစ်ဖက်ခြံထဲမှာ တော့ စိမ်းမြမြ မြက်ခင်း နုနုကလေးနှင့် ပိန်းပန်းအိုးတွေကို စင်နှင့် ထိုးထားသော ပိန်းပန်းစင်များ ၊ သဇင်တိုင်များ ၊ နှင်းဆီအိုးများ နှင့် ပန်းခင်းကလေးကို ဥယျာဉ်ကလေး သဖွယ် ခင်းကျင်း ထားလေသည် ။ ပြီးတော့ ကနုတ်နွယ်ခက်

ကလေးများ နှင့် ဒန်းဖြူဖြူကလေး။

ဒီအိမ်ကလေးဆီ သူ မနေ့ကမှ ပြောင်းလာခဲ့သော လူသစ်ဖြစ်သောကြောင့် အိမ်နီးချင်း ပတ်ဝန်းကျင်ကို အကဲခတ် လေ့လာသည့် အနေနှင့် ဝရန်တာ ထွက်ရပ်နေမိခြင်းက သူ့ရင်ကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေခဲ့သော အဖြစ်အပျက်ကလေး စတင်စေခဲ့ခြင်း ဖြစ်သည် ။

သူ ငေးကြည့်နေဆဲမှာ တစ်ဖက်ခြံထဲမှ အဖြူရောင် ချည်ဂါဝန်ပါးလျလျ ပွပွအိအိကလေးနှင့် တိမ်ဖြူလွလွကလေး လွင့်စဉ် လာသလို လွင့်ခနဲ လွင့်ခနဲ ပြေးထွက်လာသော အရိပ်ကလေး တစ်ရိပ်ကို သူ စတင်၍ တွေ့ရှိရသည် ။ ဆံပင်ရှည်များက လေထဲမှာ တလွင့်လွင့် ယိမ်းနွဲ့ ကော့ပျံလျက်။ အားပါးတရ ရယ်မောလျက် ရှိသော မျက်နှာနုနုကလေးက ကြည်လင်ဝင်းပကာ နုဖပ်လှပလွန်းနေသည် ။ သူမ၏ နောက်မှ ခွေးဖြူဖြူကလေး တစ်ကောင်က တဝုတ်ဝုတ် ဟောင်ကာ ပြေးလိုက်လာသည် ။ သူမက ကိုယ်ကလေးကို တိမ်းညွှတ်ကွေးလိုက်၊ ခါးကလေး ကော့ယိမ်းလိုက်နှင့် တခစ်ခစ် ရယ်မောကာပြေးလျက်ရှိသည် ။

သူ့မျက်နှာသည် အလိုလိုနူးညံ့စွာ ပြုံးလာသည် ။ ဒီကလေးမရဲ့ အသက်ဟာ အလွန်ဆုံးရှိလှမှ ဆယ့်ရှစ်ပေါ့။ သူ့အသက်က သုံးဆယ်။ သူတို့ နှစ်ယောက်ကြားမှာ အသက်ကွာခြားမှုသည် ဆယ့်နှစ်နှစ်လောက် ရှိမည်။ သို့သော် သူ့သက်တမ်း တစ်လျှောက်တွင် ဘယ်မိန်းမကိုမှ အခုလို နူးညံ့တိမ်းမူးသော စိတ်နှလုံးနှင့် ချိုမြိန်ယစ်မူးစွာ ငေးကြည့်ရင်း ရင်တထိတ်ထိတ် မခုန်ဖူးခဲ့။ သူ့မျက်တောင်များ ကိုပင် ခဏ ခတ်လိုက်ရမှာ ကိုတောင် နှမြောနေသလို၊ သူမကို စူးစူးစိုက်စိုက် ငေးကြည့်နေမိသည် ။

အိုလှလိုက်တာ၊ ချစ်မြတ်နိုး ယုယချင်စဖွယ် ကောင်းလိုက်တာ။ သူ့နှုတ်ခမ်းများ ဆီမှ အပြုံးသည် ပါးလျ၍ မသွား။ ခပ်ပြုံးပြုံးပင်သူမကို ငေးစိုက်ကြည့်နေမိသည် ။

သူမ၏ မျက်လုံးကလေးများ ရွှန်းလဲ့တောက်ပနေပုံ၊ ပန်းသွေးကြွနေသော နှုတ်ခမ်း ဖူးငုံကလေး အားပါးတရ ပွင့်အာနေပုံ၊ ပါးလျသွယ်ကျစ်သော ကိုယ်ခန္ဓာကလေး ယိမ်းနွဲ့ ပျော့ပျောင်းနေပုံ၊ ဆံပင်ရှည်ရှည် ကလေးများ လွင့်မျောပျံ့ဝဲနေပုံ၊ အိုး အဲဒီ လွတ်လပ်ပေါ့ပါးဟန် ပျို့မျစ်နုနယ်ဟန် ပန်းချီဆွဲချင်လိုက်တာ။

ဖြူနှမ်းခနဲပင် သူ့အိမ်ထဲသို့ ပြေးဝင် ကာဒစ်ဂျစ်တယ်လ် ကဲန်မရာကလေးကို ခပ်သွက်သွက် ယူပြီး ဝရန်တာသို့ ပြန်ထွက်၏။ ထို့နောက် သူမ၏ ကိုယ်နေဟန်ကလေး တွေကို တစ်ပုံပြီး တစ်ပုံသူ ရိုက်ယူ လေသည် ။ ဟန်ဆောင်မှု ဟူ၍ မြူတစ်မှုန်စာမျှပင် မရှိ၊ ပကတိ နူးညံ့နုနယ် ပျို့မျစ်ခြင်း စစ်စစ်ကို သူတွေ့မြင်နေရသည် ။

လှလိုက်တာ ... . လှလိုက်တာ။

"တော်ပြီကွာ ဖြူလွှရယ်၊ ငါ မောပြီ "

ခြံချင်းက တွဲစပ်ကပ်ရက်မို့ စကားပြောသံကလေး ကိုပင် သူ ကြားရလေသည် ။ ဘယ်လောက် ဟန်ဆောင်မှုမာယာ ကင်းသော အပြစ်ကင်းစင် လိုက်ပါသနည်း။ သူမသည် ပြေးနေရာမှ ဖြုန်းခနဲပင် ဂျပန်မြက်ခင်း စိမ်းနုနုကလေးပေါ်မှာ ပစ်လှဲအိပ်ချ ပစ်လိုက်တော့ လေသည် ။ သူ ကြည့်ရမှာ တောင် တိတ်တခိုး အားနာသွားမိသည် ။။

ခွေးဖြူကလေးက သူမ ရင်ဘတ်ပေါ် ခုန်ဆွဆွ ပြေးတက်လာကာ သူမ၏ မျက်နှာကလေးကို လျှာဖြင့်လျက် လျက်ရှိ၏။ သူမက ကိုယ်ခန္ဓာကလေးကို တွန့်လိမ်ကာ ခိုးခိုးခစ်ခစ် ရယ်မောလျက်။

"အခရာရေ ... . သမီး မုန့်လာစားတော့လေ၊ ဟယ် ...ကြည့်စမ်း၊ အဲဒီကလေးမလေးဟာ မြက်ခင်းပေါ်မှာ လူးလိုမ့်နေပြန်ပြီ၊ ရေမိုးချိုးတော့၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ တစ်ချိန်လုံး ကစားနေတာပဲဟယ်"

အသံခပ်ဩဩ တစ်ခုသည် ပေါ်တီကိုအောက်မှ ထွက်လာလျှင် သူ့ခန္ဓာကိုယ်သည် တုန်ခနဲ ဖြစ်ကာ လန့်သွား၏။ မိန်းမတစ်ယောက်။ အသက်ကတော့ သူနှင့် မတိမ်းမယိမ်းပဲ ရှိလိမ့်မည်။ သူမကလည်း ဆံပင်ရှည်များ နှင့်ပင်။ ကြည့်ရတာတော့ သူမတို့ နှစ်ယောက်သည် သားအမိ မဖြစ်နိုင်။

"ဟုတ် ... လာပြီ လေးမေ"

သူငယ်မကလေး ဝုန်းခနဲ အိမ်ထဲ ဝင်ပြေးသွားသောအခါ သူ့ရင်ထဲ လှပ်ဟာသွားသလို ကျန်ရစ်၏။ တစ်ခုခုကို နှမြောသလိုလို။

သို့သော်သူ အိမ်ထဲသို့ပြန်ဝင်လာသောအခါ ခါတိုင်းလို အထီးကျန်ငြီးငွေ့သော ခံစားချက် ခြောက်သွေ့သွေ့ကို မခံစားရ။ သူ့မှာ လုပ်စရာ တစ်ခုခုရှိနေသည် ။

သူ ကဲန်မရာထဲမှ memory disc ကို ကွန်ပျူတာဖြင့် ပြန်ကြည့်သည် ။ ချက်ချင်းပင် သူ့ရဲ့ ပန်းချီဆွဲချင်သော အနုပညာသွေးက ကြွလာ၏။ ကင်းဗတ်က အဆင်သင့် ထောင်ထားပြီးသား။ သူ ပန်းချီ စတင်၍ ဆွဲမိလေပြီ။

နုနယ်သော ပျိုမျစ်သော၊ လွတ်လပ်ပေါ့ပါးသော၊ မြူးကြွသွက်လက်သော၊ အပြစ်ကင်းစင်သော၊ မိန်းမငယ်ကလေး တစ်ယောက်၏ အလှကို ဘာနှင့်မှ နှိုင်း၍ မရ။ ပန်းချီဆွဲနေသမျှ အချိန်တစ်လျှောက်လုံး သူ့လက်များ သည် ခပ်သွက်သွက် ပေါ့ပါးနေသည် ။ သူ့အာရုံသည် နိုးကြားရှင်

လန်းနေကာ သူ့နှလုံးသားသည် တဒိတ်ဒိတ် ခုန်နေ၏။ သူ့နှုတ်ခမ်းများ ပြုံးနေခဲ့သည် ။

ဘယ်လောက် ကြာမြင့်သွားသည် ကို သူ သတိမထားမိ။ ထမင်းစားဖို့ ၊ ရေသောက်ဖို့ ပင် သူ သတိမရခဲ့။ သူ့လက်များ ပင် ညောင်းမနေခဲ့။ ပန်းချီဆွဲနေစဉ် တစ်လျှောက်မှာ သူအသက်တောင်မှ မှန်မှန်ရှူမိခဲ့ရဲ့လား မသိပါ။

ဖြူလွှမြူးကြွနေသော မိန်းကလေး တစ်ယောက်၏ ပုံသဏ္ဍာန် ပီပြင်အသက်ဝင်လာချိန်တွင် သူ သတိပြန်ရလာသည် ။

ဘုရားရေ ... နေစောင်းခဲ့ပြီ။ သူ ဘယ်လောက်တောင် စျာန်ဝင်သွားခဲ့ပါလိမ့်။ ပန်းချီကားကို သူက " ဖူးငုံ " ဟု နာမည်တပ်လိုက်သည် ။ သူ့တစ်သက်တွင် ပထမဆုံးအကြိမ် တစ်ရက်တည်းနှင့် တစ်လောကလုံးကို မေ့ကာ အပြီးသတ် ဆွဲမိသော ပန်းချီကားလည်း ဖြစ်သည် ။

သူမကို တွေ့မြင်ရလိုရငြား သူ ဝရန်တာဆီသို့ ထွက်ခဲ့မိသည် ။ ဟော ... တွေ့ရပါသည် ။ မိန်းကလေးအဖော် သူငယ်ချင်း တစ်ယောက်နှင့် လိပ်ပြာကလေးတွေကို လိုက်ဖမ်းနေသော ကောင်မလေး။ လိပ်ပြာကလေး တွေကို စိတ်ဝင်တစား လိုက်ဖမ်း နေဟန် ကလေးကလည်း သူ့ကို တစ်မျိုး ဆွဲဆောင်နိုင်သည် ။ မိုးပြာရောင် ဂါဝန်ရှည်ကလေးနှင့် နှုတ်ခမ်းကလေး ဝိုင်းဟကာ နှင်းဆီအိုးတွေနားမှာ လိပ်ပြာဖမ်းနေသော မိန်းကလေး။

ကြည့်စမ်း ... သူမဟာ ကလေးစိတ်ပင် မကုန်သေးသူလား။

"ဟော ... မိပြီဟေ့၊ မိပြီ "

သူမ၏ သူငယ်ချင်းဖြစ်သူရဲ့ ဝမ်းသာအားရ အော်သံကလေး ထွက်

လာ၏။

" ဟုတ်လား ... ဟုတ်လား ... ဘာအရောင်လေးလဲ "

"ရွှေဝါရောင် ပြောက်ကျားကလေးဆရာ"

"ဟယ် ... ငါကျတော့ မမိသေးဘူး၊ အဲဒီ လိပ်ပြာကလေးတွေက ငါ့ကျတော့ အမိမခံဘူး၊ သူတို့ ကို ချစ်လို့ ဖမ်းတဲ့ ဥစ္စာကို "

ကောင်မလေး၏ ကလေးဆန်ဆန်စူပွပွ ပြောဟန်လေးကြောင့် သူ အသံမထွက်အောင် ခပ်တိုးတိုး ရယ်မိ၏။

သူမ၏ သူငယ်ချင်းက ဖမ်းမိသော လိပ်ပြာကလေးကို ဖန်ပုလင်းကြည်ကြည်ကလေး ထဲသို့ ထည့်ကာ အဖုံးပြန်ပိတ်သည် ။ ပြီးတော့ နှစ်ယောက်သား မြက်ခင်း နုနုကလေးပေါ်တွင် ဝမ်းလျား မှောက်ကာ ခြေထောက်ကလေးတွေ ထောင်ထားလျက် တလှုပ်လှုပ်ယိမ်းရင်း ပုလင်းကြည်ကလေး ထဲမှာ တဖျပ်ဖျပ် လှုပ်ခါနေသော လိပ်ပြာကလေးကို စိတ်ဝင်တစား စောင့်ကြည့်နေကြလေသည် ။

"အခရာ ထမင်းစားကြစို့ သမီးရေ၊ ဘာလုပ်နေတာလဲ။ ဟယ် ... လိပ်ပြာကလေးကို ဖမ်းထားပြန်ပြီ၊ အေး ... နင်တို့ ဝဋ်လည်လိမ့်မယ်နော်၊ အဲဒီလို ပိတ်လှောင် မထားရဘူး၊ ပြန်လွှတ်ပေးလိုက်"

ဟော... အသံသြသြကို ကြားရပြန်ပြီ။ အဲဒီ အမျိုးသမီးကတော့ တကယ် အနှောင့်အယှက်ပဲ။

"အင်းပါ၊ ခဏလေးပါ လေးမေရဲ့ ၊ သူ့ကို ခဏပဲ စောင့်ကြည့်တာပါ၊ သူ မမွန်းခင် ပြန်လွှတ်ပေးနေကျပဲ ဥစ္စာ"

ခဏနေတော့ လိပ်ပြာကလေးကို ပြန်လွှတ်ပေးပါသည် ။ သူမကလေးတို့ လည်း အိမ်ထဲ ပြန်ဝင်သွားကြပြီ။

ထိုညက သူ့ အိပ်မက်သည် သူ့တစ်သက် မက်ခဲ့ဖူးသမျှတွင် အလှပဆုံး ဖြစ်ခဲ့၏။ ဘာဖြစ်လို့ လဲဆိုတော့ အိပ်မက်ထဲမှာ အရောင်စုံသော လိပ်ပြာလှလှကလေးတွေ ဟိုမှာ ဒီမှာ ပျံဝဲလျက်ရှိကာ သူနှင့် သူမကလေးက လက်ချင်း ချိတ်တွဲလျက် လိပ်ပြာကလေးတွေကို လိုက်ဖမ်းလျက် ရှိသောကြောင့် ဖြစ်သည် ။ သူမ၏ ခိုးခိုးခစ်ခစ် ရယ်သံကလေးများကို အိပ်မက်ထဲ မှာ ပင် ဖြစ်သော်ငြား သူ သာယာချိုမြိန်စွာ ကြားနေရသည် ။

ထိုခဏမှာ အသံဩဩတစ်ခုကိုသူ ကြားရ၏။ ဘယ်သူ ရှိရမလဲ၊ ဟို အမျိုးသမီးပဲပေါ့၊ " လေးမေ" ဆိုတာလေ။

"ဟော့ ... ဟိုနှစ်ယောက် ဘာလုပ်နေကြတာလဲ"

တဲ့ လေ။ အိပ်မက်ထဲမှာ ပင် ထိုလေးမေ ဆိုသော အမျိုးသမီးကို အနှောင့်အယှက် တစ်ခု သဖွယ် သူ ခံစားရလေသည် ။ ပြီးတော့ ထူးဆန်းသည့် ခံစားချက် တစ်မျိုးကို ပေးနိုင်စွမ်းသည် မှာ အိပ်မက်ထဲတွင် သူနှင့် ကောင်မလေးသည် ချစ်သူတွေ ဖြစ်ခဲ့သလား မသိ။ တော်တော်လေးတော့ ရင်းနှီးချိုမြနေလေသည် ။

***

အဲဒီနေ့ကစပြီး သူ့တွင် အလုပ်တစ်ခု ပိုလာခဲ့သည် ။ နေ့နေ့ညည ကောင်မလေး ခြံထဲဆင်းကာ ဆော့ကစားမည့် အချိန်ကို စောင့်ပြီး ကြည့်ရသော အလုပ် ဖြစ်၏။ အနည်းဆုံးတော့ မနက်တစ်ကြိမ် ညနေခင်း တစ်ကြိမ် သူမက ခြံထဲသို့ ထွက်လေ့ရှိပါသည် ။ ထွက်တိုင်းလည်း ခွေးကလေးနှင့် ဆော့ကစားလိုက် သူငယ်ချင်းနှင့် ဆော့ကစားလိုက်၊ လိုက်

တမ်းပြေးတမ်း၊ တူတူပုန်းတမ်း၊ သားရေကြိုးခုန်တမ်း၊ ဘက်တမင်တန် ရိုက်တမ်း ကစားကြသည် ။

သူမကို တစ်ယောက်ယောက်က နေ့စဉ် မြတ်နိုးဖွယ် အလုပ်တစ်ခု ကို ပုံမှန် စောင့်ကြည့်နေမှန်း သူကလေး ကတော့မသိရှာပါ။ တစ်နေ့ထက် တစ်နေ့ သူ့ရဲ့ မြတ်နိုးသော ခံစားချက်မှာ ပြင်းပြရင့်သန်လာသည် ။ သူမကို ပျော်ရွှင်စေအောင် အထူးအဆန်း တစ်ခုခု သူဘာလုပ်ပေးရင် ကောင်းမလဲ။ သူမကို ဒီအတိုင်း တိတ်ဆိတ်စွာ စောင့်ကြည့်ခဲ့သည် မှာ နှစ်ပတ်လောက် ကြာမြင့်လာခဲ့သည် ။

နှစ်ပတ်ကျော် ကြာလာသောအခါ သူ စိတ်ကူးတစ်ခု ရ လာလေသည် ။ သူ ကောင်မလေးကို ထူးဆန်း အံ့ဩစေမည်။ သူ့အရွယ်နှင့် ဆိုလျှင်တော့ ဉာဏ်မျှ စိတ်ကူးယဉ်ဆန်သော ခိုးကြောင်ခိုးဝှက် အလုပ်မှာ အနည်းငယ်တော့ ရှက်ကိုးရှက်ကန်း ဖြစ်ဖွယ်ကောင်း၏။

သို့သော် သူ ပထမဆုံး သူမကလေးကို ပေးသောလက်ဆောင် ( တိတ်တခိုး လက်ဆောင် ) မှာ ဖန်အိုး ဝိုင်းဝိုင်းကလေးနှင့် ထည့်ထားသော အနီရောင် ဗိုက်ပူရွှေငါးကလေး နှစ်ကောင် ဖြစ်၏။ ထိုငါးကလေးတွေ ထည့်ထားသော ဖန်အိုးကလေးကို နံနက်လေးနာရီ အချိန်လောက်တွင် ခြံစည်းရိုးကို ကျော်ပြီး မြက်ခင်း စိမ်းကလေးပေါ်မှာ သွားချထားခဲ့တာ ဖြစ်၏။ သူနှင့်သူမတို့ အိမ်နှစ်အိမ်ကို ခြားထားသော ခြံစည်းရိုးမှာ သူ့ရင်ဘတ် ကျော်ရုံလောက်ကလေးပဲ ရှိမည်မို့ အလွယ်တကူ ကူး၍ ရပါသည် ။ အဲဒီ ခိုးကြောင်ခိုးဝှက် အလုပ်ကို လုပ်ပြီး သူရင်တွေ တထိတ်ထိတ် ခုန်နေခဲ့ကာ မနက် မိုးလင်းစေချင်နေခဲ့ပြီ။

ခြောက်နာရီခွဲလောက်တွင် ထုံးစံအတိုင်း ညဝတ်ချည်ဂါဝန် ဖြူလွလွကလေးနှင့် သူမ ပြေးဆင်း လာသည် ကို သူကအကွယ်တစ်ခုမှ နေ၍

ချောင်းကြည့်နေမိသည် ။

"ဟယ် ... ဒီမှာ ရွှေငါးကလေးတွေတော့ "

သူမရဲ့ အားပါးတရ ဝမ်းပန်းတသာ အော်သံကလေးနှင့်အတူ လူက လေးက ခုန်ဆွမြူးထူးလျက် ရှိသည် ။ သူ ကျေကျေနပ်နပ် ပြုံးမိလေသ ည် ။ ကောင်မလေးသည် ထူးဆန်းအံ့သြကာ ပျော်ရွှင်ခုန်ပေါက် နေသ လို၊ ဘယ်သူ လာထားသွားသလဲ ဆိုသော ပဟေဠိ ကိုလည်း ခံစားနေရ သည် ။ ဘေးဘီပတ်ဝန်းကျင်ကို ချာချာလည်လှည့်ကာ လိုက်ရှာနေသဖြ င့် သူ လုံအောင် ပုန်းနေရ၏။ သူ့စိတ်ထဲမှာ ကောင်မလေးကို အဲဒီလို ထူးခြားဆန်းကြယ်မှု ပေးရတာကို သူ လူပျိုရိုင်းကလေး တစ်ယောက်သ ဖွယ် ရင်ခုန် ပျော်ရွှင်လာသည် ။

နောက်ရက်များ တွင် လည်း သူသည် တစ်နေ့တစ်မျိုး မရိုးနိုင်သော ခရေးခရာ ပစ္စည်း ကလေးများကို နံနက် အစောကြီးထကာ သူမရဲ့ မြက် ခင်းပြင်ကလေးမှာ သွားချ ထားတတ်သည် ။ အရုပ်ကလေးတွေ၊ ပန်း သီးကလေးတစ်လုံး၊ မုန့်ထုပ်ကလေးတွေကို ကြိုးနှင့်သီတန်းပြီး သူမရဲ့ ဒန်းဖြူဖြူကလေးမှာ ချိတ်ဆွဲပေးထားသည် ။ ပြီးလျှင် သူမကလေး ထွ က်လာမည့် အချိန်ကို ရင်ခုန်စွာ စောင့်ကြို။ ခွေးဖြူကလေးနှင့် သူမ ပြေးထွက်လာလျှင် သူထားပေးထားသော ပစ္စည်းကလေးတွေကို တအံ့ တသြ၊ တမြတ်တနိုး ယူကာ ပဟေဠိ မျက်နှာကလေးနှင့် အံ့သြပျော်ရွှင် လျက် ရှိသော မျက်နှာကလေးကို သူ စွဲနေအောင် ချစ်မြတ်နိုးမိလေသ ည် ။

မက်မော မြတ်နိုးမှုတွေ ရင်နှင့်အပြည့် သိမ်းဆည်းလာသောအခါ သူ ရှေ့တစ်လှမ်း ဆက်တိုးဖို့ ကြိုးစားရ၏။ သူမကလေးနှင့် စကားတွေ ပြောချင်သည် ။ ခင်မင်ရင်းနှီးချင်လာသည် ။ တိတ်တခိုး ချောင်းကြည့်

နေရတာထက် သူမရဲ့ မျက်နှာကလေးကို အနီးကပ် မြင်ခွင့် ရချင်လာသည် ။

အဲဒီတော့ တစ်ရက်မှာ သူ သူမတို့ ခြံတံခါးဝရှေ့မှာ သွားရပ်ရင်း ဘဲလ်တီးလိုက်၏။ ထုံးစံအတိုင်း သူမပဲ အပြေးအလွှားကလေး ပြေးထွက်လာခဲ့လေသည် ။

မျက်လုံးကလေးများ ချိုမြတောက်ပစွာ နှုတ်ခမ်းကလေးများက ပွင့်ဖို့ အရှိန်ယူနေသော နှင်းဆီငုံကလေး သဖွယ်ပင်။

"ဘယ်သူနဲ့ တွေ့ချင်လို့ ပါလဲရှင် "

"ကိုယ် ဟိုဘက်ခြံကပါ၊ အသစ်ပြောင်းလာတာလေ၊ အဲဒါ ခြံနီးချင်းတွေနဲ့ ခင်မင်ရင်းနှီး ချင်လို့ လာမိတ်ဖွဲ့တာပါ"

"ဟုတ်လား၊ ဦး တစ်ယောက်တည်းလား၊ သမီးတို့ အရွယ် ကလေးတွေ ဘာတွေ မပါဘူးလားဟင် "

သူမက ပြုံးရင်းပြော၏။"ဦး"ဆိုသော အသုံးအနှုန်းကြောင့် သူ့စိတ်ထဲ ကသိကအောက် ဖြစ်သွားသလို ရှိသည် ။ ချွင်းဂဲန်း( မ် ) ဝါးရင်း ပူဖောင်း အကြီးကြီး ထွက်လာအောင်လည်း မှုတ်နေ လိုက်သေးသည် ။

"ကိုယ် တစ်ယောက်တည်းပါ၊ အိမ်ထဲ ပေးမဝင်တော့ဘူး လားဟင် "

"အို ... . ဟုတ်သားပဲ၊ လာပါ "

သူမက ရှေ့ကနေ ပြေးထွက်သွားကာ ...

"လေးမေ ဟိုဘက်ခြံက ဦးလေးကြီး လေးမေကို လာမိတ်ဖွဲ့တယ် "

ဟု အော် လိုက်လေရာ သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားသည် ။

"ကျွန်တော် ဟိုဘက်ခြံကပါခင်ဗျ၊ လူသစ်မို့ လာနှုတ်ဆက်ရင်း ခြံနီး

ချင်းတွေကို လာမိတ်ဆက်တာပါ"

"ဩော် ... ကျွန်မ သတိတော့ ထားမိသလိုပဲ၊ ဟိုဘက်ခြံမှာ လူများရောက်နေသလားပေ့ါ၊ ညဆို မီးတော့လင်းတယ်၊ ဘာသံမှ မကြားရတော့ အစောင့်ပဲမှတ်တာ၊ ထိုင်ပါဦး၊ မိသားစုရော "

"ကျွန်တော် တစ်ယောက်တည်းပါခင်ဗျ "

"ဩော် ဒါကြောင့်ကိုး၊ သမီးရေ အခရာ၊ ဧည့်သည် အတွက် ကော်ဖီဖျော်ပေးဖို့ ဒေါ်ကြီးကို သွားပြောချေ သွား ...

ကျွန်မက လရိပ်ညိုပါ။ အဲဒါက ကျွန်မရဲ့ အစ်မကမွေးတာ၊ အစ်မတို့ လင်မယား နှစ်ယောက်က နိုင်ငံခြားမှာ အ လုပ်သွားလုပ်ရင်း accident ဖြစ်ပြီး ဆုံးကြတော့ သူကလေး ငါးနှစ်သမီး အရွယ်ကတည်းက ကျွန်မပဲ မွေးစားလိုက်ရတယ်၊ ပြောရရင်တော့ သူ မွေးကတည်းကပဲ ကျွန်မလက်ထဲမှာ ကြီးလာခဲ့တာပါ၊ ကျွန်မ သမီးကလေးပဲပေ့ါ"

"ဩော် သမီးက ဘယ်အရွယ်ရှိပြီလဲ၊ ကျောင်းတက်တာတွေ ဘာတွေ မတွေ့မိဘူး "

ပြောပြီးမှ သူ စကားမှားသွားမှန်း သတိရသွား၏။ သို့သော် သူမကတော့ ရိပ်မိပုံ မပေါ်ပါ။ အမျိုးသမီး ကလည်း ခပ်ချောချောပင် ဖြစ်သည် ။ သူ့ကောင်မလေးနှင့် ရုပ်ချင်း ခပ်ဆင်ဆင်၊ ဆံပင်ရှည်ရှည်များ ဖြန့်ချထားသည် မို့ အနုနှင့်အရင့်သာ ကွာခြားသွားသည် ။ ခေတ်မီလှပသောရင့်ကျက်ပွင့်လင်းသော အလှတစ်မျိုးကို နုနယ် ပျိုမျစ်မှုအစား သူမြင်ရသည် ။

"အခရာက ဆယ်တန်းအောင်ပြီး အဝေးသင်ပဲ ယူလိုက်တယ်၊ သူ့ကို စိတ်မချတာနဲ့ အပြင်တွေ ဘာတွေ သိပ်မလွှတ်တာပါ၊ သူက သင်တန်း

တွေဘာတွေ တက်ချင်ရှာတာ။ ကျွန်မ ကလည်း ကျွန်မအလုပ်နဲ့ ကျွန်မဆိုတော့ သူ့ကို မျက်ကွယ်မှာ လွှတ်မထားနိုင်ဘူးလေ၊ စိတ်လည်း မချဘူး၊ သူက လောကအကြောင်း ဘာမှ နားလည်တာ မဟုတ်သေးဘူး၊ စိတ်က ကလေးစိတ်၊ တအားကလေးဆန်တာ၊ အသက်ကသာ ဆယ့်ရှစ်ရှိပြီ။ ခုထိ ဆော့တုန်း "

"လေးမေ အခုရော့ အတင်း ပြောနေပါတယ် ဦးရယ်၊ လေးမေက သမီးကို နေရာတကာ ကလေး ပိစိကွေးကလေးလို လိုက်ချုပ်ချယ် နေတာပါ၊ သမီး အဲဒီလောက် ကလေးမဆန်ပါဘူး၊ သမီး လူကြီးဖြစ်နေပါပြီ ... ဟင်း ဟင်းဟင် "

သူမက စွေ့ခနဲ ရောက်လာကာ ဆိုဖာပေါ် ပစ်ထိုင်ချရင်း ရုတ်တရက် ခြေချိတ်ထိုင်ပြီး ရင်ကို ကော့မတ်ထားလေသည် ။ မျက်နှာကလေးကို ပြုံးစိစိနှင့် တင်ပျဉ်ခွေထားပုံက ချစ်စရာ။

"တွေ့လား၊ အဲဒါကိုကြည့် ကိုဘယ်သူ"

"ကျွန်တော် ပြာလွင် ပါခင်ဗျ၊ မိဘတွေတော့ မရှိတော့ဘူး၊ ကျွန်တော် တစ်ယောက်တည်း ဆိုပါတော့၊ ကျွန်တော် အင်္ဂလန်မှာ ပန်းချီနဲ့ ပတ်သက်တဲ့ အနုပညာ ဒီပလိုမာသွားယူခဲ့ပါတယ်။ ခုတော့ ပန်းချီတွေပဲ ဆွဲပါတယ်၊ ဘာအလုပ်မှ တော့ မလုပ်ဘူး "

" ဟယ် ... ဒါဆို သမီးကို ပန်းချီဆွဲပေးမလား ဦး"

သူမက မျက်လုံးကလေးကို ဝိုင်းကာ ဝမ်းသာအားရ ပြောသည် ။ သူ ပြုံးပြီး သူမကို ကြည့်ကာ ...

"အေး ... ဆွဲပေးမှာ ပေါ့ကွ "

ဟု တရင်းတနှီးကလေး ပြောလိုက်သည် ။ သူမရဲ့ ပုံတွေ သူ တော်

တော်များများ ဆွဲခဲ့ပြီးတာ သူမ မသိ။

"ကျွန်မကတော့ စိန်ပွဲစား၊ အိမ်ပွဲစား လုပ်ပါတယ် ကိုပြာလွင်၊ အဲဒီ အလုပ်က အတည် တကျတော့ မဟုတ်ဘူး ပေါ့၊ ဒါပေမဲ့ ရတဲ့ အခါလည်း မြိုးမြိုးမြက်မြက် ကလေးတော့ ရပါတယ်၊ အိမ်မှာ တော့ အငြိမ်ထိုင်နေလို့ မရဘူးပေါ့။ ဟိုဟိုဒီဒီ ဒီလိုပဲ လျှောက်သွားနေရတာပေါ့၊ ကားကလေး တစ်စင်းရှိလို့ တော်ပါသေးတ ယ်၊ ကျွန်မဘာသာပဲ မောင်းတယ်လေ "

သူသည် အဒေါ်နှင့် စကားပြောနေရင်း မျက်လုံးများက တူမကလေး ဆီ မသိမသာ ခိုးကြောင်ခိုးဝှက်ဖြင့် ရောက်ရောက် သွားတတ်လေသည် ။ သူမက သူကြိုးနှင့် သီပေးထားခဲ့သော အချဉ်ထုပ်၊ နေကြာစေ့၊ အာလူး ကြော်၊ J.Donuts အစရှိသော မုန့်တွေကို တစ်ခုချင်း ဖြုတ်စားနေ၏။ ပါး စပ်က အငြိမ်မနေသလို ခြေတွေလက်တွေကလည်း အငြိမ်မနေ။ ခြေ ထောက်တွေ ကိုလည်း တဆတ်ဆတ် လှုပ်ရှားနေသည် ။

"နောက်ကို အကူအညီလိုရင် ကျွန်တော့်ကို ခေါ်ပါ၊ ဖုန်းနံပါတ် ပေး ခဲ့ပါ့မယ်၊ ဒီအိမ်ဖုန်းလည်း ကျွန်တော် ယူထားပါရစေ၊ ဒီအိမ်မှာ ယော ကျ်ားတစ်ယောက်မှ မရှိဘူးထင်တယ်၊ ယောကျ်ားတစ်ယောက် လုပ်သင့် တဲ့ အလုပ်တွေ လုပ်စရာရှိရင် ကျွန်တော့်ကို အချိန်မရွေးသာ ခေါ်လိုက် ပါ၊ ဥပမာ ဖြု( စ် ) ပြတ်တာတို့ ၊ ရေပိုက်ပျက်တာတို့ တီဗွီပျက်တာတို့ "

"ဟုတ်တယ်၊ အိမ်မှာ က ယောကျ်ားသား မရှိဘူး၊ ကျွန်မရယ်၊ သမီး ရယ်၊ အိမ်အကူ ဒေါ်ကြီးရယ်ပဲ ရှိတာ၊ ရှင်လည်း ယောကျ်ား တစ်ယော က်တည်း ဆိုတော့ စားရေးသောက်ရေး ခက်ခဲမှာ ပဲ၊ အိမ်မှာ အချိန်မ ရွေး ဝင်ထွက် စားသောက်ပါရှင်၊ အိမ်နီးချင်းတွေဆိုတော့ ခင်ရာဆွေမျိုး တွေပဲပေါ့ ... သမီးကဆို အဖော်သိပ်မင်တာပဲ၊ တစ်ခါတစ်ခါ တစ်ခြ

ကျော်က သူ့သူငယ်ချင်းကလေး လာကစားတာပဲရှိတယ် "

"စိတ်မပူနဲ့ ၊ ကျွန်တော် လာကစားပေးမယ်။ ကျွန်တော်လည်း တစ်နေ့တစ်နေ့ တစ်ယောက်တည်း ပျင်းနေတာ "

" ဦးမှာ ဂီတာရှိလားဟင် "

" ရှိတာပေါ့ "

" ဦး ဂီတာရော တီးတတ်သလား"

" တီးတတ်တာပေါ့၊ တီးပြရမလား"

"အင်း ... တီးပြ၊ ပြီးတော့ သမီးကို ဂီတာတီးသင်ပေးပါ၊ သမီး ဂီတာအရမ်း တီးတတ်ချင်တယ်"

"အိုကေ၊ သင်ပေးရမှာ ပေါ့ "

"ဟာ ... တကယ်နော်၊ ရက် ( စ် )"

သူမက ဆိုဖာမှာ ထိုင်ရင်းပင် ခုန်ဆွဆွ လုပ်နေတယ်။ အဒေါ်လုပ်သူက သူမကိုကြည့်ကာ ရယ်မောရင်း ...

"ရှင် သူ့အလိုကို သိပ်တော့မလိုက်နဲ့ ကိုပြာလွင်၊ သူ ရှင့်ကို အမျိုးမျိုးဆိုးနွဲ့ ကျီကြ ပူဆာပြပါလိမ့်မယ် "

"ရပါတယ်ဗျာ၊ ကျွန်တော်ကလည်း တစ်သက်လုံး တစ်ယောက်တည်း နေနေရတော့ အဖော်မင်တယ် ခင်ဗျ "

သူတို့ စကားပြောနေဆဲ ဖုန်းမြည်သံ ထွက်လာသည် ။ Mobile ဖုန်းမြည်သံ ဖြစ်၏။

"သမီး သွား သွား၊ လေးမေရဲ့ Mobile သွားယူပေးပါဦး"

သူမက ခပ်သွက်သွက် ထယူပေး၏။ သည် ဖုန်းပြောရင်း မျက်နှာက လေး ဝင်းလက်ကာ ...

"ဟုတ်ကဲ့ မမဆွေ၊ ကျွန်မ ခုပဲလာခဲ့မယ် "

ဟု ဆိုပြီး ဖုန်းကိုပိတ်သည် ။

"ကျွန်မ အပြင်ခဏထွက်ရဦးမယ်ရှင့် အိမ်ဝယ်မဲ့ သူတစ်ယောက်ကို အိမ်လိုက်ပြမလို့ လေ၊ ဆောရီးပဲနော် ကိုပြာလွင် နောက်မှ အေးအေး ဆေးဆေး တွေ့မယ်လေ၊ ကျွန်မ ထမင်းစား ဖိတ်ပါဦးမယ် "

ဟု နှုတ်ဆက်သည် ။ သူ ဆက်နေဖို့ မသင့်တော်တော့ သည် မို့ နှုတ် ဆက်ပြီး ထပြန်လာခဲ့ရ၏။

သို့သော် အဒေါ်ဖြစ်သူ ကားနှင့် ထွက်သွားချိန်မှာ သူမက ခြံထဲသို့ ပြေးထွက် လာပြီး သူ့အိမ်ဘက်ဆီသို့ မော့ကြည့်သည် ။ သူကလည်း ဝရ န်တာမှာ ထွက်ရပ်ကြည့်နေချိန်မို့ လက်လှမ်းပြလိုက်၏။ သူမက အသံ စူးစူး ကလေးနှင့် ကျုံးပြီး အော်လေသည် ။

"ဦး ဂီတာယူပြီး ဆင်းလာခဲ့၊ သမီးကို ဂီတာတီး သင်ပေးပါ "

သူ ရင်ခုန်ပျော်ရွှင်သွားကာ အိမ်တွင်းသို့ ပြန်ပြေးဝင်ပြီး ဂီတာဆွဲလျ က် ခပ်သွက်သွက် ပြေးထွက် လာခဲ့လေသည် ။

သူမက ဒန်းကလေးပေါ်တွင် အသင့်စောင့်နေ၏။

"ဟေး ... ပျော်လိုက်တာနော်၊ ပျော်လိုက်တာ။ ဂီတာတီးသင်ချင်နေ တာကြာပြီ သိလား၊ အခု စသင်ပေးနော်၊ စသင်ပေး၊ ပေး ... ပေး၊ ဂီတာ သမီးကိုင်မယ် "

ထိုင်ရသော အနေအထားက ဒန်းကလေးပေါ်မှာ နှစ်ယောက်တည်း။

အခြေအနေက သူ တိတ်တခိုး စွဲလမ်း မြတ်နိုးနေသော မိန်းကလေးကို ဂီတာတီး သင်ပေးရမဲ့ အခြေအနေ။ သူ့စိတ်တွေ ဘယ်လောက် ယောက် ယက်ခတ်ကာ တုန်လှုပ် ယိမ်းခါနေမလဲဆိုတာ ပြောပြနေဖို့ ပင် မလိုပါ။

ပိုဆိုးတာက သူမက သူ့ရဲ့ မရိုးသားသော အတွင်းစိတ်ကို လုံးဝမရိပ်မိ။ သူမရဲ့ ဇောက ဂီတာကို ဟန်ပါပါ တီးတတ်ချင်ဇော တစ်ခုသာ ရှိသောကြောင့် ခုမှ သိသော ယောကျ်ား တစ်ယောက်နှင့် ပူးပူးကပ်ကပ်၊ ထိထိတွေ့တွေ့ ရှိရတာကိုလည်း ဆင်ခြင်ရကောင်းမှန်း သိပုံမပေါ်။

"ဂီတာကို ဟောဒီလိုကိုင် အခရာ၊ ပြီးတော့ လက်တွေကဒီမှာ ဒီလိုထား၊ ကော့ဒ်တွေ ဘာတွေ သေချာ မှတ်ရဦးမှာ နော်၊ ဒီလက်ချောင်းကလေးတွေက ကြိုးကို နာနာဖိ၊ လက်ချောင်း ထိပ်ကလေး တွေတော့ နာမှာ ပဲ "

သူ့ရဲ့ လက်တစ်ဖက်က သူမရဲ့ ပခုံးကို ကျော်ပြီး၊ ဂီတာကြိုးတွေပေါ်မှ သူမရဲ့ လက်ချောင်း ကလေးများကို အလိုအလျောက် ထိတွေ့ခွင့်ရနေပြီ။ သူတို့ သိပ်နီးကပ်လွန်းသဖြင့် သူမရဲ့ ဆံနွယ်များ ဆီမှ သင်းပျံ့ လတ်ဆတ်သော ရနံ့တစ်မျိုးကို ရှုရှိုက်နေရသည် ။ ပြီးတော့ သူမရဲ့ ကိုယ်သင်းရနံ့ မွှေးမွှေးကလေး။ အား ... ငါ့စိတ်တွေ လှုပ်ရှားလိုက်တာ။

တစ်ချက် တစ်ချက် လေပြေ့ယမ်း တိုက်လိုက်လျှင် သူမ၏ ဆံနွယ်ကလေးများက သူ့မျက်နှာဆီ လာရောက် ရစ်ဝဲဆော့ကစားကြ၏။ အဲဒီအချိန်မှာ သူတော်တော် ရင်ခုန်လာသည် ။ စိတ်နှလုံးတို့ နူးညံ့ ညွတ်ပျောင်းကာ မူးရီတိမ်းညွတ်လျက် ရှိသည် ။ တစ်ခါတစ်ရံမှာ သူမက မျက်နှာကလေး သူ့ဘက်မော့ကာ ပါးချိုင့်ရှည်ကလေး ခွက်လာအောင် အားပါးတရပြုံးရယ်လျှင်၊ သူ သူမကို သိပ်သိပ်ချစ်မြတ်နိုး စွဲမက်သွား

ကာ သိမ်းကျုံး ပွေ့ဖက်ပစ်လိုက်ချင်မိလေသည် ။ သူမကတော့ ဘာမှ မသိပါ။ သူသာလျှင် တစ်ရက်ပြီးတစ်ရက် ကြာရင်ရှူးတော့မည် ထင်ပါရဲ့ ။

"အား ... လက်ချောင်းထိပ်ကလေးတွေ နာလိုက်တာနော်၊ ဂီတာတီးတတ်ဖို့ မလွယ်ပါလား၊ ဦး ဂီတာတီးပြီး သီချင်းဆိုပြ၊ သမီး နားထောင်မယ် "

" အိုကေ၊ ဘာသီချင်း တီးရမလဲဟင်"

" ဦးကြိုက်တာ တီးကွာ "

တကယ်တော့ သူ ဆိုပြချင်တာ ဇော်ဝင်းထွဋ်ရဲ့ " အရွယ်လွန်အချစ်" သီချင်းပဲ ဖြစ်သည် ။ အဲဒီသီချင်းကို ခုတလော ညညတွေမှာ သူ အခန်းထဲ ဂီတာတီး သီချင်းဆိုရင်း ထပ်တလဲလဲ အသံ သွင်းထားခဲ့မိသည် ။ တစ်ချိန်ချိန်မှာ တော့ သူမကလေးကိုသူ ဖွင့်ပြချင်ပါသည် ။

နောက်ဆုံးတော့ သူက မျိုးကျော့မြိုင်ရဲ့ "ကာရန်လေး" သီချင်းကို ခပ်သွက်သွက်ကလေး တီးဆို ပြ လိုက်လေသည် ။ သူမက ခြေထောက်ကလေးကို လှုပ်ကာ၊ ခေါင်းကလေးကို တိမ်းယိမ်းနွဲ့ ခါကာ သူနှင့်အတူ သီချင်းကို လိုက်အော်ဆိုလေသည် ။ ပြီးတော့ လက်ခုပ်တီးကာ ရယ်မော၏ ။

"ကောင်းလိုက်တာ၊ သမီးက သီချင်းတွေကို အရမ်းချစ်တာ၊ အခန်းထဲမှာ သီချင်း အကျယ်ကြီး ဖွင့်ပြီး အာပြဲကြီးနဲ့ လိုက်ဆို၊ လှုပ်ယိမ်းခုန်ပေါက်ပြီး ကရတာကို အရမ်းပျော်တယ်၊ သိလား ... ဦးက ခင်ဖို့ ကောင်းလိုက်တာ "

"အခရာ ပူဆာသမျှကို ကိုယ် အကုန်လုပ်ပေးပ့ါမယ်။ အခရာ ဘာဖြ

စ်ချင်လဲ၊ ဘယ်သွား ချင်လဲ၊ ဘာလုပ်ချင်လဲ။ အကုန်ပြော၊ ကိုယ် အကုန် လိုက်လျှောမယ် "

"တကယ် "

"တကယ်ပေ့ါ"

"ဦးမှာ ကားရှိလား "

" ရှိတယ်၊ ဖော့( စ် ) ဝက်ဂွန် အမိုးဖွင့် အနီရဲရဲလေး"

" ဟာ စီးချင်လိုက်တာ၊ သမီး ဖော့ ( စ် ) ဝက်ဂွန်ကား ကလေးတွေ ကို အရမ်းချစ်တာ "

" စီးရမှာ ပေ့ါ၊ ဒေါ်လေးဆီမှာ ခွင့်တောင်းလေ၊ အခရာသွားချင်တဲ့ ဆီ ကိုယ် လိုက်ပို့ပေးမယ် "

"သမီးက Game Centre တွေဆီလည်း သွားချင်တယ်၊ လေးမေက ဘယ်တော့မှ လိုက်မပို့ဘူး၊ သိလား၊ ကော်တရာလေ၊ ပိုက်ဆံကုန်လို့ တဲ့ ။

သမီးက Stage Show တွေလည်း အရမ်း သွားကြည့်ချင်တာပဲ၊ ရုပ်ရှင်လည်း ကြည့်ချင်တယ်"

သူမက တက်တက်ကြွကြွ၊ ထက်ထက်သန်သန်ကလေး ပြောလေသည် ။ မျက်လုံး ကလေးတွေက အရောင်တဖိတ်ဖိတ် လက်လာ၏။ သူမ အဒေါ် အပျိုကြီးက သူမကို ငှက်လှလှ ကလေး တစ်ကောင်လို အတောင်ညှပ်ကာ သိမ်းထားခဲ့သည် ကိုး။

"အိုကေ၊ အိုကေ၊ ကိုယ် အားလုံး လိုက်ပို့ပေးမယ် "

"ဦးက ခင်ဖို့ ကောင်းလိုက်တာ၊ ဘာဖြစ်လို့ ခုမှ တွေ့ရပါလိမ့်နော်၊

စောစောက တွေ့ဖို့ ကောင်းတာ "

သူ စောစောကတည်းက သူမကို စတင်၍ တွေ့ရှိခဲ့ကြောင်း သူမကို မပြောဖြစ်ပါ။ သူမ မျက်နှာကလေးကိုသာ တစိမ့်စိမ့် ချစ်မြတ်နိုးမှု၊ ယုယမက်မောမှု အပြည့်ဖြင့် ကြည့်နေမိလေသည် ။ အပြစ်ကင်းစင်သော၊ မာယာပရိယာယ် မရှိသော၊ လွတ်လပ်ပေါ့ပါးသော၊ အဆိပ်မဲ့သော၊ အဖြူရောင် မိန်းကလေး တစ်ယောက်ကို ချစ်ရသည် မှာ ဘာနှင့်တူသလဲ ဆိုလျှင် ရေတံခွန် တစ်စင်းအောက်တွင် မျက်နှာကို မော့ကာ ဝင်ရောက် ခိုလှုံရသည် နှင့် တူပါသည် ။

"ကဲ ... ခု တွေ့ကြပြီလေ၊ ကိုယ် တစ်ခု တောင်းဆိုချင်တယ်ကွာ၊ ရမလား "

"သိပ်ရတာပေါ့၊ ပြော ... သမီး ဘာလုပ်ပေးရမလဲ"

သူမက မျက်လုံး ချိုချိုကလေးကို ပြုံးရယ်စေကာ ခေါင်းကလေး စောင်းနွဲ့လျက် ချစ်စဖွယ် ဆို၏။ အို ...သူမကိုသူ သိပ်ချစ်ရပါသည် ။

"ကိုယ့်ကို 'ဦး'လို့ မခေါ်ဖို့ ရယ်၊ သမီးလို့ ကိုယ့်ကိုယ်ကိုယ် မသုံးနှုန်းဖို့ ရယ်၊ အသက် သိပ်ကွာတာကြီးကို ကိုယ်သတိမပြုချင်ဘူး၊ အခရာနဲ့ ကိုယ် သူငယ်ချင်းတွေ ဖြစ်ချင်တာ "

"အိုကေ၊ ဒါလေးများ ခက်ပါဘူး၊ လေးလေးလို့ ခေါ်မှာ ပေါ့။ ကိုယ့်ကိုယ်ကိုယ် ' ခရာ'ကလို့ ပြောမှာ ပေါ့၊ လွယ်လွယ်ကလေး

" လေးလေး " ဆိုတာ သိပ်မဆိုးလှပါဘူးဟု သူ နှစ်သိမ့် လိုက်လေသည် ။

" လေးလေး ... ချွင်းဂဲန်း ( မ် ) စားမလား "

" ပေး စားမယ် "

သူ့လက်ထဲသို့ ချွင်းဂဲန်း ( မ် ) ကလေး လာထည့်ပေးသည် ။ သူ အခွံနွှာကာ ပါးစပ်ထဲသို့ ထည့်လိုက်၏။

" လေးလေး ပူဖောင်းအကြီးကြီး မှုတ်တတ်လား၊ ဟောဒီမှာ ကြည့်၊ ဟောဒီလို "

သူမက ချွင်းဂဲန်း (မ်) ကို ပူဖောင်း အကြီးကြီးရအောင် မှုတ်ပြသည် ။ သူ ရအောင်လိုက်မှုတ်၍ မရသောအခါ သူမက ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောကာ လှောင်ပြောင်လေသည် ။

" လေးလေးကို သင်ပေးမယ်၊ ဒီမှာ ကြည့်၊ ဟောဒီလိုလျှာနဲ့ ပုံအရင်ဖော် လိုက်လေ "

သူမက လျှာကို ထုတ်ပြ၏။ သူ့ရင်ထဲမှာ ချစ်စိတ်နှင့် ချစ်မြတ်နိုးစိတ်သည် လှပစွာ ယှက်ဖြာလျက်ရှိသည် ။

"ပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ အသာလေးမှုတ်"

သူမ ပြောတဲ့ အတိုင်းသူ ကြိုးစားပြီး စိတ်ရှည်လက်ရှည် လိုက်သင်ယူရ၏။ ငါးကြိမ်မြောက် လောက်မှာ သူအောင်မြင်သွားလေသည် ။

အင်း ... တစ်ခုတော့ သူက သူမကို ပြန်လည် သင်ပေးရပါဦးမည်။ အဲဒါက ဘာလဲဆိုတော့ " ချစ်တတ်ဖို့ "လေ။

*****